ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

# National Community Driven Development Project

# (NCDDP)



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ်

ရေနံတောင်ကျေးရွာအုပ်စု၊ လက်ပံခုံကျေးရွာ

# မာတိကာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ
အတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု
မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ




မြို့နယ်မြေပုံ

၂။ ကျေးရွာတည်နေရာပြမြေပုံ




ကျေးရွာတည်နေရာပြမြေပုံ

## ၃။အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ရေနံတောင်ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်းများမှာ-

၁။ ငွေးတောက်ကုန်းကျေးရွာ

၂။ ကြည်တိုင်ကွင်းကျေးရွာ

၃။ ရေငံကျေးရွာ

၄။ အေးချမ်းမာလာကျေးရွာ

၅။ **လက်ပံခုံကျေးရွာ**

၆။ ကဒူးခုံကျေးရွာ

၇။ ရေနံတောင်ကျေးရွာ

၈။ သိမ်ကုန်းကျေးရွာ

၉။ ညောင်ပိုင်းကျေးရွာ

၁၀။ ညောင်ကုန်းကျေးရွာ

၁၁။ ကွင်းလျားလေးကျေးရွာ

၁၂။ ကွင်းလျားကြီးကျေးရွာ ဟူ၍

ရေနံတောင်ကျေးရွာ အုပ်စုတွင် ကျေးရွာပေါင်း (၁၂) ရွာဖြင့် ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

၄။ ကျေးရွာသမိုင်းနှင့်အခြေခံအချက်အလက်များ

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ရေနံ့တောင်ကျေးရွာအုပ်စု လက်ပံခုံကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ခန့်ကတည်းကဖြစ်ပေါ်ခဲ့သည်။ "လက်ပံပင်ကြီး" တစ်ပင်ရှိသော ခုံမြင့်မြေကွင်းပြင်တွင် စတင်ရွာတည် ခဲ့ခြင်းကိုအစွဲပြု၍ "လက်ပံခုံကျေးရွာ" ဟုအမည်တွင် မှည့်ခေါ်ခဲ့ပါသည်။

ဗမာလူမျိုးအများအပြားနေထိုင်ကြပြီး ချင်းလူမျိုးနှင့်ကရင်လူမျိုး တစ်ဦးတို့လည်းနေထိုင်ကြပါသည်။ ယခုအခါ ချင်းလူမျိုးနှင့်ကရင်လူမျိုး တို့သည်လည်း ဗမာလူမျိုးများနှင့်အကြောင်းပါ ပေါင်းဖက်၍ လူမျိုးရော များအဖြစ်တည်ရှိနေကြသည်။

ဘာသာရေးကိုးကွယ်မှုများအနေဖြင့် ရွာတည်စကပင် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ရွာ၏အနောက်ဖက် ကဒူးခုံကျေးရွာနှင့်ကြားတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းရှိပါသည်။

လက်ပံခုံကျေးရွာသည် ပဒေါ်ချောင်း၏ တောင်ဘက် ကမ်းနားတွင် တည်ရှိသောရွာတစ်ရွာဖြစ်ပြီး ရွာ၏အရှေ့ဘက်တွင် နတ်မိုးတောင်မှသွယ်ဆင်း လာသော တောင်ကုန်းများတည်ရှိကြပြီး တောင်ကုန်းများပေါ်တွင် သစ်တော/အင်တိုင်းတောများပေါက်ရောက်ကြသည်။

လက်ပံခုံကျေးရွာ၏ တောင်ဘက်တွင်လယ်ကွင်းများ တည်ရှိပြီး လယ်ကွင်းအလွန်တွင် အေးချမ်းမာယာ ကျေးရွာတည်ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် သုံးကြိုးကျောင်းနှင့်အတူ ကန်းခုံရွာတို့ တည်ရှိကြသည်။ သုံးတော်ကြီးကျောင်းအနီးတွင် ပဒေါ်ချောင်းတဖက်ကမ်းရှိ ရေနံတောင်ရွာနှင့် ဆက်သွယ်သွားလာရန် သစ်သားတံတား တည်ရှိသည်။ ရွာ၏မြောက်ဘက်တွင် ပဒေါ်ချောင်းနှင့်ချောင်းတဘက်တွင် ရေနံတောင်ရွာတို့ တည်ရှိကြသည်။ ပညာသင်ကြားမှုအနေဖြင့် လက်ပံခုံရွာရှိ ကလေးများသည် ငယ်စဉ်ကပင် ချောင်းတစ်ဖက်ကမ်းရှိ ရေနံတောင်ကျေးရွာ ၊အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) သို့သွားရောက်ပညာသင်ကြား ကြရသည်။

စားဝတ်နေရေးအတွက် အခြေခံလုပ်ကိုင်စားသောက်သော အသက်မွေးလုပ်ငန်းမှာ လယ်၊ယာနှင့် ကိုင်းစိုက်ပျိုးရေးဖြစ်သည်။ မြေယာပိုင်ဆိုင်မှု မရှိသော လူများအနေဖြင့် ကျပန်းလက်လုပ်၊လက်စား အလုပ်ကိုသာလုပ်ကိုင်ကြရသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြစ် ရေနံတောင်ရွာရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲ နှင့် ၁၀မိုင်ခန့်ကွာဝေးသော ဘက်ရဲကိုက်နယ်ဆေးရုံသို့ သွားရောက် ကုသကြရပါသည်။

၂၀၀၈ခုနှစ် မာယာမုန်တိုင်းတွင် လက်ပံခုံရွာပေါ်သို့ ပဒေါ်ချောင်းရေ၊ ပျမ်းမျှ ၂' ခန့်တက်ခဲ့ပြီး လူနေအိမ် ၂၀လုံး ရေမျောပါပျက်စီးခဲ့သည်။

မြို့နယ်မြို့ ဖြစ်သော ကြံခင်းမြို့နှင့် မိုင် ၂၀ ခန့် ကွာဝေးပြီး မြေ သားချောင်းကျောက်လမ်း ၁၅မိုင်ခန့်နှင့် ကတ္တရာလမ်း ၅မိုင်ခန့်တို့ဖြင့်သွား လာရပါသည်။


၂။ လက်ပံခုံကျေးရွာသည် ကြံခင်းမြို့နယ် ရေတောင်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာပေါင်း (၇) ရွာမှ ရွာတရွာဖြစ်ပါသည်။ ရွာတည်စက အိမ်ခြေ ၂၀ ခန့်ဖြင့် စတင်ခဲ့သော်လည်း ယခုအခါတွင် အိမ်ခြေ (၄၉) အိမ် လူဦးရေ ကျား (၁၁၁) ဦး မ (၉၇) ဦးတို့ နေထိုင်ကြသည်။ အမျိုးသား အိမ်ထောင်ဦးစီး (၃၉) ဦး နှင့် အမျိုးသမီး အိမ်ထောင်ဦးစီး (၁၀) တို့ရှိသည်။
ကျေးရွာတွင် လက်မှုပညာရှင်များ အနေဖြင့် လက်သမားနှင့် ပန်းရံ လုပ်ကိုင်သူတို့လည်း ရှိကြသည်။ ကျေးရွာအတွင်းရှိ လမ်းအခြေ အနေမှာ မြေသားပေါ်တွင် ကျောက်စရစ်ခင်းထားသော လမ်းမျိုး ဖြစ်သည်။

လက်ပံခုံကျေးရွာမှ ရေတောင်ကျေးရွာအုပ်စုရုံးသို့ သွားလာရာတွင် ပခေါ်ချောင်းကူး သစ်သားတံတားကို ဖြတ်ရပြီး နွေရာသီ / မိုးရာသီတို့တွင် ဆိုင်ကယ်ဖြင့် (၁၀) မိနစ်ကြာအောင် သွားလာရပါသည်။

| ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ် | | | | | | | |
|---|---|---|---|---|---|---|---|
| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ | 25.12.2016 | ရပ်မိရပ်ဖ ကော်မတီဝင်များ ရပ်ရွာလူထုများ | 8 | 12 | 20 | -ဒေသတွင်း သဘာဝအရင်းအမြစ်များ<br>-လူမှုအဆောက်အအုံများ<br>-ဘာသာရေး အဆောက်အဦများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် | 25.12.2016 | ကော်မတီဝင် များနှင့် ရပ်ရွာလူထုများ | 8 | 12 | 20 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လ အလိုက်ဝင်ငွေများ၊အလုပ်အကိုင်အ ခွင့်အလမ်းများ၊ပွဲတော်များ၊သဘာဝ ဘေးများ၊လယ်ယာလုပ်ငန်းနှင့် အခြား လုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း | 25.12.2016 | ချမ်းသာ၊အလယ် အလတ်၊နွမ်းပါး အလွန်နွမ်းပါးအုပ်စု | 8 | 12 | 20 | -ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြား သတ်မှတ်နိုင်ရေး<br>-အဆင့်အလိုက် အခြေခံစံနှုန်းများ၊ အများသဘောတူ သတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှုစီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ | 25.12.2016 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊အခြားအဖွဲ့ တွင်ပါဝင်သူများ | 10 | 10 | 20 | -ကျေးရွာတွင်း၊ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ |
| ၅ | ပင့်ကူအိမ်ကွန်ယက် | 25.12.2016 | ကျေးရွာရှိအမျိုးသား များနှင့်အမျိုးသမီး များ | 10 | 10 | 20 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှု အချိုး၊အမျိုးသားနှင့်အမျိုးသမီးတို့ တန်းတူအခွင့်အရေးရရှိမှု သုံးသပ်ချက် |
| ၆ | အရင်းအမြစ်များအ ပေါ်အသုံးချနိုင်မှု လွှမ်းမိုးမှုနှင့်ဆုံးဖြတ် ချက်ချနိုင်မှု | 25.12.2016 | ကျေးရွာအမျိုးသား များနှင့်အမျိုးသမီး များ | 10 | 10 | 20 | -အရင်းအမြစ်များပေါ်တွင်(ကျား/မ)အ သုံးချနိုင်မှု၊ထိန်းချုပ်မှုတွင်မည်သည့်အ ကြောင်းကြောင့်နည်း၊<br>-မည်သို့ညီမျှစွာ ခံစားခွင့်ရမည်နည်း။ |
| ၇ | အခက်အခဲပြသနာ | 25.12.2016 | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | 18 | 22 | 40 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောက်အ ယှက် အတားအဆီး၊အခက်အခဲများ။<br>- လိုအပ်ချက်များ |
| ၈ | ကျေးရွာမျှော်မှန်း ချက်များ | 25.12.2016 | ကော်မတီဝင်များနှင့် ရပ်ရွာလူထုများ | 17 | 16 | 33 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေမျှော် မှန်းထားသလဲ။<br>-ဘာကြောင့် မျှော်မှန်းထားသလဲ |
| ၉ | ကျေးရွာဦးစားပေးလုပ် ငန်းများ | 27.9.2017 | ကော်မတီဝင်များ ရပ်ရွာလူထုများနှင့် တက်ရောက်သူအားလုံး။ | 17 | 16 | 33 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၆။ (က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>




**လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ**

**<u>လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)</u>**

ဒေသတွင်း သဘာဝအရင်းအမြစ်များ

- ကျေးရွာအနီး ပတ်ဝန်းကျင်ရှိ ပန်းတော်ချောင်းကိုလည်းတွေ့ရရှိရသည်။ မြေလွတ်မြေလပ်များကို လည်းကောင်း၊ ညီညွတ်မှုမရှိသည့် ရွာတွင်းလမ်းများ၊ ဆက်သွယ်ရေးလမ်းများကိုလည်း တွေ့ရှိရပါသည်။

လူမှုအဆောက်အဦးများ


- ကျေးရွာတွင် စေတီပုထိုးကျောင်းကန်များအဖြစ် ရေနံတောင်၊ လက်ပံခုံ၊ ကဒူးခုံကျေးရွာများအလယ်တွင် တည်ရှိသော ဘုန်းတော်ကြီးကျောင်းကို ကိုးကွယ်ကြသည်။
- အခြားထူးခြားသည့် အဆောက်အဦများ မရှိခြင်း၊ ကျန်းမာရေးနှင့် ရေပေးဝေရေး၊ အသိပညာပေးမည့် စာကြည့်တိုက်စသော အခြေခံအဆောက်အဦများ လိုအပ်နေခြင်း။

လမ်းပန်းဆက်သွယ်ရေး

- ဆက်သွယ်ရေးအတွက် လမ်းများရှိသော်လည်း ကောင်းမွန်မှုမရှိကြောင်း၊ ထို့အပြင် မိုးရာသီကာလများတွင် မြို့ပေါ်ဒေသများသို့သွားရောက်ရန် ရေနံတောင်တံတားကိုသာ အားကိုးနေရခြင်း၊ စသည်တို့ကို ကျေးရွာသူ/သားများမှ ပူပေါင်းလုပ်ဆောင်ပြီး၊ အဖြေရှာတွေ့ရှိလာနိုင်ခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

၆။(၁) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>



**လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း**

## ဥစ္စာခနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် လူမှုအဆင့် သတ်မှတ်ရာတွင် (က၊ခ၊ဂ၊ဃ) အဆင့် သတ်မှတ်ပြီး ရေးဆွဲခဲ့သည်။ အဆင့်(က)အိမ်ထောင်စု များသည် ချမ်းသာသော အုပ်စု၊ အဆင့်(ခ)အိမ်ထောင် စုများသည် အသင့်အတင့် အုပ်စု၊ အဆင့်(ဂ)အိမ်ထောင်စု များသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ) အိမ်ထောင်စု များသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်
- ချမ်းသာသောအုပ်စုမှာ (၆)အိမ်ထောင်စု၊ အသင့်အတင့်အုပ်စုမှာ(၁၂) အိမ်ထောင်စု၊ နွမ်းပါးသောအုပ်စုမှာ (၂၇) အိမ်ထောင်စု၊ အလွန်နွမ်းပါးသော အုပ်စုမှာ (၁) အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း များသည် အဓိက အသက်မွေး ဝမ်းကျောင်း လုပ်ငန်း များဖြစ်သောကြောင့် ရာသီဥတု၊ ဆန်စပါး ဈေးနှုန်းများ ပေါ်မူတည်ပြီး ပြောင်းလဲမှုများ ဖြစ်ပေါ် နိုင်ပါသည်။
- နွမ်းပါး၊ အလွန်နွမ်းပါးသော အကြောင်းအရင်း များမှာ လက်လုပ်လက်စား များခြင်း၊ ပုံမှန်ဝင်ငွေ ရရှိရန်အတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။
- အစီအစဉ် ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင် ရေးဆွဲခြင်း၊ နွမ်းပါးသောသူ များနှင့် ကျေးရွာလူထု၏ သတ်မှတ်သော အဆင့်များ၊ ၄င်းတို့၏ လိုအပ်ချက်များကို ဦးစားပေး စဉ်းစားရေး ဆွဲခဲ့သည်။
- ကျေးရွာ၏ အခြေခံ အဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည် ဖော်လုပ်ငန်းများတွင် ကျေးရွာလူထု နွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခ ရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သည်။
- ထူးခြားချက်အနေဖြင့် အလွန်နွမ်းပါးသော အုပ်စုမှာ မရှိပဲ အဆင့် (၃) ဆင့်သာ တည်ရှိနေသည် ကို ဖော်ထုတ်တွေ့ရှိရပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း**

**၆။(က) <u>ရာသီခွင်ပြပြက္ခဒိန်နှင့် သုံးသပ်ချက်။</u>**





**ရာသီခွင်ပြပြက္ခဒိန်**

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ရာသီဥတုမှာ ပုံမှန်အားဖြင့် မုန်တိုင်းဝင်ရောက်သည့်ကာလများမှလွဲ၍ တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်းလများတွင် နေပူပြင်းပြီး၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများ တွင် မိုးရွာ/နေပူရှိပြီး၊ သီတင်းကျွတ်လသည်တော့ ပွင့်လင်းရာသီဖြစ်သည့်ဟူ၍ တွေ့ ရှိရပါသည်။
- အလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ မတ်ပဲလုပ်ငန်းများစိုက်ပျိုးခြင်း များကို အဓိကထားလုပ်ကိုင်ကြသည်ကိုတွေ့ရပါသည်။
- ဝင်ငွေရရှိမှုအနေဖြင့် ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် အသင့်အတင့်ရရှိပြီး၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် ကောက်ပဲသီးနှံများ ရာသီပေါ်ချိန်ဖြစ်၍ လက်ဖျားငွေသီးသောကာလများဟုဆိုနိုင်ပါသည်။
- တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင် ဝါဆို သင်္ကန်းကပ်လှူပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော် နှင့် တပေါင်းလတွင် ရှင်ပြုပွဲများ ကျင်းပပြုလုပ်လေ့ရှိပါသည်။
- ရာသီကာလအလိုက် ကောက်ပဲသီးနှံများအပြင် ဘက်ရဲသီး၊ ငှက်ပျောသီးများကဲ့သို့ သော ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများလည်း ပေါ်များစွာရှိနေပါသည်။
- သဘာဝဘေးအန္တရာယ်ကျရောက်မှုအဖြစ် နွေအကုန် မိုးအကူးကာလများတွင် လေ ပြင်းမုန်တိုင်းများ ကျရောက်ပြီး မိုးရာသီကာလ များတွင် ရေကြီးရေလျှံ မှုများလည်း ဖြစ် ပေါ်လေ့ ရှိသည်ကို တွေ့ရှိမှတ်သားရပါသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ ကဆုန်၊ နယုန်၊ တော်သလင်း ရာသီအကူးအပြောင်းများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး ရောဂါများဖြစ်ပွားတတ်သည်။ ကျန်းမာရေး အရေးပေါ် ကြုံတွေ့ရလျှင် ဘက်ရဲ ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

<u>**၆။(ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်**</u>





ပင့်ကူအိမ်ကွန်ယက်


**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသားများက အမျိုးသမီးများထက် သိသာစွာ များပြားနေသည်ကို တွေ့ရှိရပါသည်။
- အလုပ်အကိုင်လက်လှမ်းမှီမှုတွင် လည်း အမျိုးသားများကသာ သိသာစွာများပြားနေသည်ကို တွေ့ရပါသည်။
- အိမ်တွင်းမှုတွင် အမျိုးသမီးများက သိသာစွာဦးဆောင်နေသည်ကိုတွေ့ရပါသည်။
- ပညာရေးလက်လှမ်းမှီမှုတွင် ရာခိုင်နှုန်းတူညီစွာရရှိနေပါသည်။
- အဖွဲ့စည်းပူးပေါင်းပါဝင်မှုတွင် အမျိုးသားများက ပိုမိုအခွင့်အရေးရရှိ နေသည်ကိုတွေ့ရှိခဲ့ရပါသည်။
- ဆုံးဖြတ်ချက်ချမှတ်နိုင်မှုတွင် အမျိုးသားများကသာ ဓလေ့ရိုးရာများအတိုင်း ဦးဆောင်နေသည်ကိုတွေ့ရှိမှတ်သားခဲ့ရပါသည်။
- ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင် အမျိုးသား၊ အမျိုးသမီး တန်းတူအခွင့်အရေးရှိနေသည်ကိုတွေ့ရပါသည်။
- ယုံကြည်မှု/လုံခြုံမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများအံ့အားသင့်ဖွယ် တူညီနေသည်ကို တွေ့ရှိရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(င) <u>အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>**





**အရင်းအမြစ်များအပေါ် အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ**

**အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။ အိမ်တွင်းမှုပစ္စည်းများနှင့် အိမ်မွေးတိရိစ္ဆာန်များကိုသာ အမျိုးသမီးများက အသုံးပြုကြသည်ကို သာတွေ့ရှိရသည်။
- လယ်ထွန်စက်၊ လှည်း၊ နွားကဲ့သို့သော လုပ်ငန်းသုံးပစ္စည်းများကိုသာ အမျိုးသားများ သီးသန့်အသုံးပြုကြသည်။ မွေးမြူရေးနှင့် အိမ်တွင်းမှုပစ္စည်းများကိုသာ အမျိုးသမီးများက ပိုင်ဆိုင်ထိန်ချုပ်ကြသည်။
- အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်အတူ ပိုင်ဆိုင်မှု တူညီနည်းပါးကို တွေ့ရှိခဲ့ရပါသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများထက်အနည်းငယ် နိမ့်ကျနေသည်ကိုတွေ့ရှိရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>**





**အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ**

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်ပြုလုပ်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်မြို့နယ် အုပ်ချုပ်ရေး မှူးနှင့် လည်းပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။
- အမျိုးသားများပါဝင်သည့် မီးသတ်အဖွဲ့မှာလည်း ဘက်ရဲမီးသတ်ဌာနဖြင့် ဆက်သွယ်၍အဖွဲ့များ ဖွဲ့စည်းထားသည်။
- အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်သည့် လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- ကျေးရွာတွင် အခြေခံပညာကျောင်းမရှိသော်လည်း ကျောင်းသားလူငယ်များအတွက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကို ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးနှင့်ပတ်သက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ထားရှိပြီး မြို့နယ်အဆင့်ဖြင့်ချိတ်ဆက်လုပ်ဆောင်လျှက်ရှိသည်ကို တွေ့ရှိရပါသည်။
- ဘာသာရေးနှင့်ပတ်သက်၍ ပရိတ်သင်းအဖွဲ့၊ ဝေါပကအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(ဆ) <u>အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။</u>**




**အခက်အခဲ ပြဿနာများ**

**<u>အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ</u>**

- လူအများစုဝေးတိုင်ပင်ရန် ခက်ခဲခြင်း
- နည်းပညာတတ်ကျွမ်းသူနည်းပါးခြင်း
- အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း
- လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း
- ငွေကြေးမပြည့်စုံခြင်း
- ဆက်သွယ်မှုမကောင်းသည့်အတွက် စီးပွားရေးအဆင်မပြေခြင်း
- နှစ်စဉ်ချောင်းရေလျှံခြင်း


**<u>အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ</u>**

- လူအများစုဝေးတိုင်ပင်ရန် ခက်ခဲခြင်း
- အလုပ်အကိုင်ရှားပါးသည့်အခက်အခဲ
- ပညာတတ်နည်းပါးခြင်း
- နည်းပညာတတ်ကျွမ်းသူနည်းပါးခြင်း
- ငွေကြေးမပြည့်စုံခြင်း
- လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း
- ဆက်သွယ်မှုမကောင်းသည့်အတွက် စီးပွားရေးအဆင်မပြေခြင်း
- နှစ်စဉ်ချောင်းရေလျှံခြင်း

ထူးခြားသည်မှာ အမျိုးသား၊ အမျိုးသမီးများ၏ အခက်အခဲများတူညီနေကြသည်ကိုတွေ့ရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(၈) <u>ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>**




**ကျေးရွာမျှော်မှန်းချက်များ**

**အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ**


- လူအများစုဝေးတိုင်ပင်ရန်
- လမ်းများတိုးတက်ကောင်းမွန်ချင်ပါတယ်
- လျှပ်စစ်မီးရရှိချင်ပါတယ်
- သောက်သုံးရေလုံလောက်စွာရရှိချင်ပါတယ်
- ကျန်းမာရေးအထောက်အပံ့ရရှိချင်ပါတယ်
- ကလေးများအတွက် ပညာရေးတိုးတက်မှုရရှိချင်ပါတယ်

**အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ**

- လမ်းများတိုးတက်ကောင်းမွန်ချင်ပါတယ်
- မီးသတ်ရေကန် ရရှိချင်ပါတယ်
- စာကြည့်တိုက်ရှိချင်ပါတယ်
- ကျောက်ချောလမ်းရရှိချင်ပါတယ်
- ရွာထိပ်တံတား ရရှိချင်ပါတယ်
- ဆက်သွယ်ရေးလမ်းများတိုးတက်ကောင်းမွန်ချင်ပါတယ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(စျ) <u>ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများနှင့် သုံးသပ်ချက်။</u>**





**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလို အပ်ချက်များ**

**အမျိုးသားများ/အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ**

- ဘက်စုံသုံးရေလှောင်ကန်
- ရေစက်၊ ရေတွင်း၊ ရေကန်
- ရွာတွင်းချောင်းကျောက်လမ်း
- စာကြည့်တိုက်
- ချောင်းကူးကွန်ကရစ်တံတား
- စက်မှုလက်မှုသင်တန်း
- မွေးမြူရေးလုပ်ငန်း
- စက်ချုပ်သင်တန်း

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့် တစ်ခုချင်းစီအတွက်သုံးသပ်ခြင်း

**၆။(ည) <u>ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>**




**ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ





စီမံကိန်းလုပ်ငန်းများ ရွေးချယ်နေပုံ

ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ကော်မတီ အဖွဲ့ဝင်စာရင်း

မြို့နယ် : ရေနံချောင်း                    ကျေးရွာ : လက်ပံခုံ

စတင်ဖွဲ့စည်းသည့်ရက်စွဲ : ၂၇.၉.၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/အုပ် | ဥက္ကဋ္ဌ | ဦးသန်းဌေး | ၀၉-၇၉၆၈၂၃၃၃၄ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ဌေးရီ | – | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဇော်မင်းဦး | ၀၉-၇၉၁၃၃၀၄၁၅ | |
| ၄ | | အဖွဲ့ဝင် | ဒေါ်ယဉ်ယဉ်စိုး | ၀၉-၂၆၄၇၀၄၅၇၀ | |
| ၅ | | အဖွဲ့ဝင် | ဦးအောင်ဌေးလွင် | 09479 6766128 | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်နွယ်နီထွန်း | – | |
| ၇ | | အဖွဲ့ဝင် | ဒေါ်သန်းသန်းနွယ် | – | |
| ၈ | | အဖွဲ့ဝင် | ဦးရဲဝင်း | ၀၉-၉၅၀၁၉၁၁၅၄ | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ခိုင်သဇင်ဖြူ | ၀၉-၉၅၀၁၉၁၁၄၀ | |
| ၁၀ | | အဖွဲ့ဝင် | ဦးကျော်နိုင်ဦး | -423810776 | |
| ၁၁ | | အဖွဲ့ဝင် | ဦးရှိန်းကိုကို | 0936370189 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်အေးရီ | ၀၉-၉၅၁၅၁၃၉၁၀ | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဝင်းမြင့် | 0936370180 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မြင့်သန္တာအောင် | ၀၉-၂၆၃၆၃၂၀၁၈ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးတင်မြင့် | – | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ခင်ဝင်း | ၀၉-၄၅၉၆၆၆၇၂၀၆ | |

<u>တာဝန်ခံဝန်ထမ်းများ</u>

ဦးသက်ပိုင်ဦး - လူထုစည်းရုံးရေးမှူး

ဒေါ်ဇီရွှေဝင် - လက်ထောက်နည်းပညာမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | | |
|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | | လူထုစည်းရုံးရေးမှူး၏ အမည် | |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် | ကြံခင်း | ကျေးရွာအုပ်စု ရေနံတောင် | | ကျေးရွာ | ယက်ပံခုံ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၅၅ | ဘာသာ (၁) ဗုဒ္ဓ | ၅၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | အမျိုးသား = ၄ | အမျိုးသမီး = ၁ | |
| စစ်ဘေးရှောင် | - | - | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ | ၇၃ | ၁၄ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၃ | ၃၂ |

**(ခ)** အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | | *မှတ်ချက်* | | | *မှတ်ချက်* | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| [ကျောက်ခင်းလမ်း] | မြေသားလမ်း | လူသွားလမ်း | အခြား [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၁.၂၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၃၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/[ခြေလျင်]/လား/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန် ၃၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/[ခြေလျင်]/လား/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) -----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးသန်းချစ်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦးညီညီမြင့်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးသက်ပိုင်ဦး <CF> ၊ ဒေါ်အိအိမြင့် <TF> | | | |
| နေ့စွဲ 27.9.2017. | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| မြည်နယ်/တိုင်း ဧရာဝတီတိုင်း | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု ရေသံတောင် | ကျေးရွာ ပေါက်ပင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 27.9.2017 | 27.9.2017. | 21 | 27 | 48 | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.9.2017. | 27.9.2017. | 21 | 27 | 48. | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 24.10.2017. | 24.10.2017. | 32 | 19 | 51 | 47/1/3 ဗမာ/ကရင်/ချင်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသက်ပိုင်ဦး ၊ ဒေါ်ဖော်ရွှေစင် | | | |
| နေ့စွဲ ၂၇.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ~~ပြည်နယ်~~/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရေနံ့အောင် | ကျေးရွာ လက်ပံခုံ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လူအများစုဝေးတိုင်ပင်နိုင်သည့်နေရာ မရှိသည့် အခက်အခဲ | ၁ | လူအများစုဝေးတိုင်ပင်နိုင်သည့်နေရာ မရှိသည့် အခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း | ၂ | နည်းပညာတတ်ကျွမ်းသူ နည်းပါးခြင်း |
| ၃ | အလုပ်အကိုင် ရှားပါးခြင်း | ၃ | အလုပ်အကိုင် ရှားပါးခြင်း |
| ၄ | ငွေကြေးမပြည့်စုံခြင်း | ၄ | ငွေကြေးမပြည့်စုံခြင်း |
| ၅ | နည်းပညာတတ်ကျွမ်းသူ နည်းပါးခြင်း | ၅ | နှစ်စဉ်ချောင်းရေလျှံခြင်း |
| ၆ | လမ်းပန်းဆက်သွယ်ရေး မကောင်း၍ စီးပွားရေး ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း | ၆ | ပညာတတ် နည်းပါးခြင်း |
| ၇ | နှစ်စဉ်ချောင်းရေလျှံခြင်း | ၇ | လမ်းပန်းဆက်သွယ်ရေး မကောင်း၍ စီးပွားရေး ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | တစ်ရွာလုံး မီးထိန်ထိန်လင်း ချင်ပါသည်။ | ၁ | တစ်ရွာလုံး မီးထိန်ထိန်လင်း ချင်ပါသည်။ |
| ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချင်ပါသည်။ | ၂ | စာကြည့်တိုက် ရှိချင်ပါသည်။ |
| ၃ | ကျန်းမာရေး အဆောက်အအုံ ရှိချင်ပါသည်။ | ၃ | မီးသတ်ရေကန် ရှိချင်ပါသည်။ |
| ၄ | ကလေးများအတွက် ပညာရေး တိုးတက်မှု ရှိချင်ပါသည်။ | ၄ | ကျောက်ချောလမ်း ရှိချင်ပါသည်။ |
| ၅ | သောက်သုံးရေ ရှိချင်ပါသည်။ | ၅ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချင်ပါသည်။ |
| ၆ | လူအများစုဝေးတိုင်ပင်နိုင်သည့်နေရာ ရှိရန် | ၆ | လူအများစုဝေးတိုင်ပင်နိုင်သည့်နေရာ ရှိရန်။ |
| ၇ | | ၇ | |

က။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဘက်စုံသုံး ခန်းမဆောင် | အမျိုးသား + အမျိုးသမီး | ၇၇ သိန်း | ၁၆၀ |
| ၂ | ဘက်စုံသုံး ရေစင်နှင့် ရေပိုက် သွယ်တန်းခြင်း | အမျိုးသမီး | ၇၅ သိန်း | ၁၆၁ |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ခ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၂ | စက်မှုလက်မှုသင်တန်း | အမျိုးသား + အမျိုးသမီး | |
| ၃ | မွေးမြူရေးလုပ်ငန်း | အမျိုးသား + အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသန်းမြေး ---------- လက်မှတ် ---------- နေ့စွဲ ၂၇-၅-၂၀၁၇

ဒေါ်မြေးရီ

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးဘကျော်ဦး၊ ဒေါ်မြမြင့်၊ ဒေါ်မာမာဌေး | |
| နေ့စွဲ ၂၄.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ / မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ရေနံတောင် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| လက်ပံ | ဘက်စုံသုံး ခန်းမဆောင် | ၂၀'×၃၀'×၁၂' | ၁၆၁ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၇၇ သိန်း | | - | - | ၇၇ သိန်း |
| ရေဝ | ဘက်စုံသုံး ခန်းမဆောင် | ၂၀'×၃၀'×၁၂' | ၂၉၁ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၇၇ သိန်း | | - | - | ၇၇ သိန်း |
| ကျည်တိုင်ကွင်း | လိုင်းပေါက် (၃)၃ | (၁၂'×၉'×၅') ×၃ | ၃၁၆ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၆၀ သိန်း | | - | - | ၆၀ သိန်း |
| ရွှေးတောက်ကုန်း | ချောင်းကူး တံတား (ကွန်ကရစ်) | ၁၈'×၈'×၇' | ၂၂၁ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၆၃ သိန်း | | - | - | ၆၃ သိန်း |
| ရေနံတောင် | ဘီ.မ.ကျ ကျောက်ဖြင့် ခင်းလမ်း | ၁၃၁၅' | | □ ကျား<br>□ မ<br>☑ ကျား+ မ | ၇၃ သိန်း ၄၆သောင်း | | ၆ သိန်း | ၆ သောင်း | ၈၀ သိန်း |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည် လက်မှတ်   ရက်စွဲ

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဒေါ်နုချမ်း<br>မာလာ | ရှာတွင်း<br>ချောင်းကျောက်<br>လမ်းခင်းခြင်းနှင့်<br>ဂိုးပေါက်(၂)ခု | ၂၈၅၀'x၁၂'x၄"<br>၈'x၈'x၃'<br>၁၇'x၅'-၅"x၃' | ၁၅၆ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | ၅၂ ဦး | | | ၅၂ ဦး |
| ဒေါ်ခင်ဝိုင်း | ချောင်းကျောက်<br>လမ်းခင်းခြင်း | ၂၅၈၅'x၁၂'x<br>၄" | ၃၄၅ | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်<br>အမျိုးသမီး | ၃၀ ဦး | | | ၃၀ ဦး |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးဆင်စိုးဝင်း

လက်မှတ် [signature] ရက်စွဲ ၂၄.၁၀.၂၀၁၇

## ကြံခင်းမြို့နယ်၊ ရေနံတောင်အုပ်စု၊ လက်ပံခုံကျေးရွာ

ပထမအကြိမ်အစည်းအဝေးမှတ်တမ်း

လက်ပံခုံကျေးရွာတွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးကို (၂၇.၉.၂၀၁၇) နံနက် ၈ း ၃၀ နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအားအဖွင့်အမှာ စကားပြော ကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။ (၈း၃၀) ဦးသက်ပိုင်ဦး

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။ (၉း၀၀) ဦးသက်ပိုင်ဦး

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။(၁၀း၀၀) ဦးသက်ပိုင်ဦး

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။(၁၀း၃၀)

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။(၁၀း၃၅) ဦးသက်ပိုင်ဦး

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီး ကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။ (၁၁း၁၅) ဒေါ်မေစိုးချစ်

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။ ဒေါ်မေစိုးချစ်
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။ ဒေါ်မေစိုးချစ်
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။ ဦးသက်ပိုင်ဦး
- အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော်ထုတ်နိုင်ခဲ့သည်။
- ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း။ ဦးသက်ပိုင်ဦး
- ဥစ္စာနေအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း။ ဦးသက်ပိုင်ဦး

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြ ၍ ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ပြီးဆုံးသည့်။

ပထမအကြိမ်ကျေးရွာအစည်းအဝေးပြီးဆုံး

*******************

အစည်းအဝေးမှတ်တမ်း

## ကြံခင်းမြို့နယ်၊ ရေနံတောင်အုပ်စု၊ လက်ပံခုံကျေးရွာ

လူထုဗဟိုပြုစီမံကိန်း(ဒုတိယနေ့အစည်းအဝေး)( ၂၇.၉.၂၀၁၇)

လက်ပံခုံကျေးရွာတွင် ဒုတိယနေ့အစည်းအဝေးကို နေ့လည် ၁း၀၀ နာရီ တွင်စတင်၍ ဒုတိယနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြသည်။ ထို့နောက် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ခြင်းများ ကို ပြန်လည် အနှစ်ချုပ် ဆွေးနွေးခြင်း။ ဒေါ်မေစိုးချစ် (၁း၃၀)

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင် ကျေးရွာ ဖွံ့ဖြိုးတိုး တက်ရေးအတွက် မည့်သည့်အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။ (၁း၄၅)

-ကျေးရွာပြည်သူလူထုရှိ မိမိကျေးရွာအပေါ်တွင်ထားရှိသော မျှော်မှန်းချက်များကို အမျိုးသား/ အမျိုးသမီး ဝိုင်းဖွဲ့ပြီး ဆွေးနွေးခဲ့ကြသည်။ ကျေးရွာတွင် ရေရရှိရေးကို ဦးစားပေးပြီး မျှော်မှန်းထားကြောင်းတွေ့ရှိရ သည်။ (၂း၁၀)

ညောင်ဝိုင်းကျေးရွာ ကော်မတီကို ဖွဲ့စည်းနိုင်ခဲ့သည်။ ကော်မတီများကိုလည်း အများအဆိုပြု စနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။

ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီး ဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝအကာအကွယ်များကို ရှင်းပြခြင်း၊ ဒေါ်အိရွှေစင်

စီမံကိန်းတွင် အကျုံးဝင်/မဝင်ကို ရှင်းပြခြင်း။ ဒေါ်အိရွှေစင်

ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

ရေနံ့တောင်အုပ်စု
လက်ပံဆုံကျေးရွာ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## <u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ဘက်စုံသုံးရေလှောင်ကန်နှင့်ရေတင်စက် | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စက်ရေတွင်း၊ ရေစင်၊ ရေပိုက်သွယ် | ကျား / မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | စာကြည့်တိုက် | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | ချောင်းကူးတံတားချဉ်းကပ်လမ်းပိုင်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စက်ချုပ်သင်တန်း | မ | | ကျေးရွာလူထု | |
| | ၂ | စက်မှုလက်မှုသင်တန်း | ကျား / မ | | ကျေးရွာလူထု | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | ဈေးဖြန့်ဖြူးရေးလုပ်ငန်း | ကျား / မ | ၂၀၁၇ | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |